# အချိန် ၁၅ နှစ်ကြာပြီးတဲ့နောက် ကျနိုပ်တို့၏ လုပ်ဆောင်မှုများ အား တဖြေးဖြေး လျော့ချလိုက်ပြီ ဖြစ်သည့် အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း နှင့် နှုတ်ဆက်ကြောင်း အသိပေးစာလွှာ

***ပြည်သူ့ကျန်းမာရေး နှင့် လူ့အခွင့်အရေး ဆိုင်ရာ စိန်ခေါ်မှုများသည် အားကောင်းသည့် ဒေသန္တရ တုံ့ပြန်မှုဖြင့် ထိမိအောင် လုပ်ဆောင်နိုင်သည်၊ လုပ်ဆောင်ရမည် ကို ကမ္ဘာ့ကပ်ရောဂါမှ တဆင့် ပြသလိုက်ပြီဖြစ်သည်။ အာရှအခြေပြု လူမှုအဖွဲ့အစည်းများအနေဖြင့် ကမ္ဘာ၏ အထောက်အပံ့အား လိုအပ်လျက်ရှိသည်။***

(ဘန်ကောက်၊ အောက်တိုဘာ ၁၈၊ ၂၀၂၁) – လူထုအခြေပြု တက်ကြွလှုပ်ရှားမှုများ အားကောင်းရန် နှင့် ကျန်းမာရေး-လူ့အခွင့်အရေး ဆိုင်ရာ အရေးဆိုမှုအတွက် အာရှအခြေပြု တက်ကြွလှုပ်ရှားသူများ အား သင်ကြားပေးရန် ရည်သန်၍ ၁၅ နှစ်ကြာ စွန့်ဦး လုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်း၌ အေရှား ကတ်တလစ် (Asia Catalyst) အနေဖြင့် လုပ်ဆောင်မှုအားလုံးကို ရပ်ဆိုင်းလိုက်ပြီ ဖြစ်သည်။

ဝမ်းနည်းစွာဖြင့် ဆုံးဖြတ်လိုက်ရသည့် တစ်ချိန်တည်း၌ ကျွနုပ်တို့၏ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း နှင့် အရေးဆိုခြင်း သင်တန်းများအား ပြီးမြောက်အောင် လုပ်ဆောင်ခဲ့သူများနှင့် ၄င်းတို့၏ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့မှုများ အပေါ် လွန်စွာမှ ဂုဏ်ယူရပါသည်။ ၄င်း တို့ကြောင့် လိင်လုပ်သမ နှင့် လိင်စိတ်ပြောင်းလဲ ခံယူသူများ အပေါ် ရဲမှ အကြမ်းဖက်မှုများအား ရပ်တန့်ရန် ရွေ့လျားမှု စတင်စေခဲ့ပြီး ဖြစ်သည်။ ၄င်းတို့ကပင် ကျန်းမာရေးစောင့်ရှောက်မှု နှင့် အန္တရာယ်လျော့ချရေး ဝန်ဆောင်မှုများအား မည်သူမျှ ငြင်းပယ်ခြင်း မခံကြရအောင် အိတ်အိုင်ဗွီပိုးဖြင့် အသက်ရှင်နေထိုင်သူ အမျိုးသမီးများ၊ လိင်စိတ်တိမ်းညွတ်ခံယူထားသူများ (LGBTQIA) နှင့် မူးယစ်ဆေးသုံးစွဲသူများအား စုစည်းခဲ့ကြသည်။

အာရှတခွင်၌ ယနေ့ကြုံနေရသည့် အပစ်ပယ်ခံလူထုအတွက် ဝန်ဆောင်မှုပေးခြင်းအပေါ် အားကြီးမာန်တက် ပေးဆပ်ထားသည့် အခင်းအကျင်း နှင့် စွမ်းအားစု သည် လွန်ခဲ့သော ၁၅ နှစ်က မရှိခဲ့ချေ။ ဤ အခြင်းအရာကို မြန်မာနိုင်ငံ၌ ယခုနှစ်အစပိုင်းက လမျာၤးစွာကြာအောင် လမ်းမပေါ် ပြည့်နှက်နေသည့် တက်ကြွသူများကြား မြင်တွေ့ရသကဲ့သို့၊ ထိုင်းနိုင်ငံ၌လည်း ပြီးခဲ့သည့် နွေရာသီက မြင်တွေ့ခဲ့ရသည်။ ပြည်သူ့ ကျန်းမာရေးနယ်ပယ်၌ ကမ္ဘာ့ အသိအမှတ်ပြု အာရှနွယ်ဖွား ခေါင်းဆောင်များ အရေအတွက်က သက်သေပင်ဖြစ်သည်။ ထို့အတူ ကျန်းမာရေး ကုသမှုမှ အငြင်းပယ်ခံရသော၊ အကြမ်းဖက်ခံရလွယ်သော၊ (နှင့်) ရဲမှ ပစ်မှတ်ထားခံ ရသော_ အိတ်ချ်အိုင်ဗွီပိုးဖြင့် အသက်ရှင်နေထိုင်သူများ၊ လိင်လုပ်သမများ၊ LGBTQIA၊ မူးယစ်ဆေးသုံးစွဲသူများ အပြင် မမျှတစွာ ဥပဒေ သားကောင် ဖြစ်ရသည့်သူများ_ အား လုပ်ပိုင်ခွင့်များ ပေးလာကြသည့် လူထုအခြေပြုအဖွဲ့များ နှင့် ကွန်ယက်များ၏ အရေအတွက်ကလည်း သက်သေပင်ဖြစ်သည်။

"အေးရှာကတ်တလစ် အဖွဲ့ ကို တရုတ်ပြည်မ ထဲမှ ပေါ်ထွက်လာမယ့် လူမှုအဖွဲ့အစည်းတွေကို ရှေ့လျောက်ရင်ဆိုင်ဖြတ်ကျော်နိုင်ဖို့ တောင့်တင်းခိုင်မာပြီး၊ အဆင်သင့်ဖြစ်နေစေအောင် ငါတို့ ပံ့ပိုး ကူညီနိုင်လိမ့်မယ် ဆိုတဲ့ စိတ်ကူးစိတ်သန်းနှင့်ပဲ တည်ထောင်ဖြစ်ခဲ့တာပါ" ဟု အေရှားကတ်တလစ်၏ အမှုဆောင် အရာရှိချုပ် ကာရင်ကတ်ပလင် မှပြောကြားခဲ့သည်။ "ဆင့်ကဲ တိုးတက်မှု နှင့် ပြောင်းလဲမှုကို ငါတို့ လက်ခံမယ်။ ငါတို့ အလုပ်က အပြောင်းအလဲကို အပြင်က လုပ်နေစရာ မလိုဘူးဆိုတဲ့ ယုံကြည်မှုမှာ အမြစ်တည်တယ်။ အဲ့ဒါတွေကို ငါတို့ ပြောပြဖို့ ကြိုးစားနေတဲ့

ပြည်တွင်း နှင့် ကမ္ဘာ့ ကျန်းမာရေးပြဿနာတွေရဲ့ ရှေ့တန်းမှာ တကယ် ရင်ဆိုင်နေသူတွေက ဦးဆောင်နိုင်ပါတယ်၊ ဦးလည်း ဦးဆောင်သင့်ပါတယ်။"

အရှေ့တည်ဆောက်ရန် အလို့ငှာ အစုအဖွဲ့ မပြုလုပ်ဘဲ အာရှတွင်း ခေါင်းဆောင်များဆီသို့ တိုက်ရိုက် ရင်းနှီးမြုပ်နှံခြင်းသည် ကျွန်ုပ်တို့ လုပ်ကိုင်နေသည့်အရာများ၏ အရေးကြီးဆုံးအပိုင်း ဖြစ်သည်။ အာရှတခွင်၌ ညီမျှမှုနှင့် တရားမျှတမှု အတွက် တာဝန်ယူ ဦးဆောင်နေသည့်၊ (ထို့အပြင်) ထိခိုက်လွယ် လူထုအတွက် စကားဝိုင်း တစ်နေရာအတွက် တိုက်ပွဲဝင်နေကြသည့် ခေါင်းဆောင် ထက်ထက်မြတ်မြတ်များ ရှိသည်။ အေရှားကတ်တလစ်၏ ဘုတ်အဖွဲ့နှင့် ဝန်ထမ်းများ အနေဖြင့် အောက်ပါ အဖွဲ့များအပါအဝင် ကျွန်ုပ်တို့အား လှုံ့ဆော်နိုင်စေခဲ့သူ အားလုံးနှင့် တစည်းလုံးတည်း ဆက်လက်ရှိနေမည်ဖြစ်သည်။

- တရုတ်ပြည်မ မှ တက်ကြွလှုပ်ရှားသူများသည် ပထမဦးဆုံးသော လိင်စိတ်ခံယူချက် ပြောင်းလဲခံယူသူများ ခေါင်းဆောင်မှု စီမံကိန်းအား တက်ရောက်ခဲ့ကြပြီး၊ ယင်း လူပုဂ္ဂိုလ်များအား ပို၍မြင်သာ လက်ခံလာအောင် တိုက်ပွဲဝင်နေဆဲဖြစ်သည်။
- ထိုင်းနိုင်ငံမှ Empower Foundation သည် လိင်လုပ်သမများ ရာဇဝတ်သင့်ခြင်းအား ပယ်ဖျက်စေမည့် လှုပ်ရှားမှုအား ဦးဆောင်နေသည်။
- သင့်တင့်ပြီး တရားသည့် မူးယစ်မူဝါဒ အတွက် တောင်းဆိုရန် စုစည်းလာကြသည့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မှ တိုင်းရင်းသား လူနည်းစု ဘိန်းစိုက်တောင်သူများ၊
- မတူကွဲပြားသည့် လိင်ဝိသေသရှိသူများအား လက်ခံသည့် ကျောင်းတွင်းယဉ်ကျေးမှု ဖန်တီးရန် တက္ကသိုလ်အုပ်ချုပ်သူများအား ချိတ်ဆက်ခဲ့သည့် ရန်ကုန်မြို့ရှိ ကျောင်းသားများ၊ နှင့် အတူ
- ကျား-မ အခြေပြု အကြမ်းဖက်မှု ဆိုင်ရာ တိုင်ကြားမှုများ အပေါ် ထိရောက်စွာ အရေးယူရန် နှင့် ရှင်သန်နေထိုင်သူများအား ဥပဒေ အကူအညီပေးရန် ဒေသန္တရ အရာရှိများအား တိုက်တွန်းခဲ့သည့် မြန်မာ့ ကျေးလက်ဒေသရှိ အမျိုးသမီးများ။

**ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ဆောင်ခဲ့သည့် တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့ ကိုယ်စားပြု လူအုပ်စုများ၏ အားကိုး အားထားရာများ ဖြစ်ကြသည်။** ကိုဗစ်-၁၉ ကပ်ရောဂါ အတွင်း၌ သူတို့သည် သတ္တိရှိစွာ၊ ထိရောက်စွာ ရှေ့ထွက် ရပ်တည်ခဲ့ကြသူများဖြစ်ကြသည်။ သူတို့သည် ပိုအားကောင်းအောင် ဆက်လက်လုပ်ဆောင်ကြလိမ့်ဦးမည် ဖြစ်သည်။

အေရှားကတ်တလစ်၏ အလုပ်များ ဖြစ်သော - မြေပြင်ရှိ တက်ကြွလှုပ်ရှားသူများအား သင်တန်းပေးခြင်း နှင့် ချိတ်ဆက်ခြင်း၊ အတွေးအခေါ်သစ်များ ပေါ်ထွက်လာစေရေးအတွက် အဖွဲ့စီမံအုပ်ချုပ်မှုအား သင်ကြားပေးခြင်း၊ အာရှ အန်ဂျီအိုများအတွက် ကုလအဖွဲ့များနှင့် ကမ္ဘာ့ ရန်ပုံငွေ ပံ့ပိုးသူများ အကြား လက်ခံတွေ့ဆုံနိုင်သူများ ရှိစေခြင်း - စသည်တို့အား လူမှု အဖွဲ့အစည်းများမှ ဆက်လက်လုပ်ဆောင်သွားကြမည်ဖြစ်သည်။ မြန်မာ၊ ထိုင်း၊ တရုတ်နှင့် အခြား ကျွန်ုပ်တို့ အလုပ်လုပ်နေသည့် နိုင်ငံများ၌ အာဏာရှင် ပေါ်ထွက်လာခြင်းနှင့် ဖိနှိပ်မှုများ ကြောင့် အဆိုပါ အလုပ်များသည် အင်မတန်အရေးကြီးလှသေးသည်။ တရားမျှတမှုအတွက် အသံထွက်နိုင်ရန်အလို့ငှာ အကြောင်းအရာစုံ၊ နယ်မြေစုံ နှံ့နှံ့စပ်စပ်လုပ်ကိုင်နိုင်ရန် အတွက် တက်ကြွသူများ လိုအပ်နေသည့် ငွေကြေး အကူအညီ ရရှိစေရေးအတွက် ကမ္ဘာ့ ငွေကြေး ထောက်ပံ့သူများ အား အေရှားကတ်တလစ်မှ တိုက်တွန်းအပ်သည်။

"ကျမ ယုံတယ်။ တရုတ်ပြည်မက မိတ်ဆွေတွေ ထောက်ပြခဲ့သလိုပဲ၊ ဘယ်လိုပဲ လုပ်နိုင်နိုင်၊ ဘယ်နေရာပဲ လုပ်နိုင်နိုင် လူတွေကတော့ ကိုယ့်အခွင့်အရေး တောင်းဆိုတာတော့ လုံးဝ လက်လျှော့မှာ မဟုတ်ပါဘူး" ဟု ၂၀၀၆ ခုနှစ်၌

အေရှားကတ်တလစ်အား တည်ထောင်ခဲ့သူ မဂ်ဒေးဗီး က ပြောကြားခဲ့သည်။ "ညီတူညီမျှမှု နှင့် တာဝန်ခံမှု အတွက် စိတ်ဆန္ဒပြင်းပြမှုကိုတော့ ဘယ်လိုမှ ဖိနှိပ်လို့ ရမှာ မဟုတ်ပါဘူး။ ကျမတို့ ကိုဗစ်-၁၉ မှာ ကြုံခဲ့ရသလိုပဲ၊ လူတိုင်းရဲ့ ကျန်းမာရေး အခွင့်အရေးကို အားပေးထောက်ခံဖို့ဆိုရင် ပွင့်လင်းမြင်သာမှု၊ အသင်းအဖွဲ့ထူထောင်ခွင့် နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်တွေဟာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ကို သိပ်အရေးကြီးပါတယ်။"

လာမည့် လ အနည်းငယ်၌ အေရှားကတ်တလစ်မှ မိတ်ဖက်များအား တတ်နိုင်သမျှ ကောင်းစွာ ရပ်တည်နိုင်ဖို့ အားစိုက်သွားပါဦးမည်။ ကျွန်ုပ်တို့ကို ပံ့ပိုးပေးခဲ့သည့် ဖောင်ဒေးရှင်းများအား မြေပြင်၌ ရှိနေသည့် အုပ်စုများအား ဆက်လက်ပံ့ပိုးပေးဖို့ စကားပြောသွားပါမည်။ ကျွန်ုပ်တို့ အေရှားကတ်တလစ်၏ အမွေအနှစ် စီမံချက် အနေဖြင့် ပြီးခဲ့သည့် နှစ်များအတွင်း လုပ်ဆောင်ခဲ့သည့် အွန်လိုင်းသင်ခန်းစာ (ကျန်းမာရေး နှင့် လူ့အခွင့်အရေး သင်ခန်းစာ) အား မိတ်ဆက်ပေးသွားပါဦးမည်။

ဒရပ်ဆဲ တက္ကသိုလ်၏ [Jonathan Mann Global Health and Human Rights Initiative] နှင့် မိတ်ဖက်ပြုပြီး၊ အပြောင်းအလဲအတွက် သတ္တိရှိရှိ တိုက်ပွဲဝင်နေကြသည့် အာရှနွယ်ဖွား တက်ကြွသူများနှင့် အတူ ပြုစုခဲ့သော_ ကျွန်ုပ်တို့၏ အမှတ်အသားဖြစ်သည့် "သိစေ၊ သက်သေပြစေ၊ ပြောင်းလဲစေ" လူ့အခွင့်အရေး သင်ရိုးညွှန်းတမ်းအား အွန်လိုင်းသင်ခန်းစာ အဖြစ်၊ ဗွီဒီယို စာကြည့်တိုက် အဖြစ် ပြောင်းလဲမည် ဖြစ်သည်။ တစ်ကမ္ဘာလုံး မည်သူမဆို အခမဲ့ လေ့လာနိုင်မည် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ တက်ကြွလှုပ်ရှားသူ မိသားစုများအား ပံ့ပိုးကူညီခဲ့ကြသူတိုင်းအား ကျွန်ုပ်တို့မှ ကျေးဇူးတင်မိသည်။ ခေါင်းဆောင် အသစ်များမှ ဒုက္ခ နည်းနည်း၊ တရားမျှတမှု များများ ဖြစ်မည့် ကမ္ဘာဆီသို့ လမ်းအား ဖော်ဆောင်နေမည်ကို ကျွန်ုပ်တို့ ပြင်းပြ စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေပါဦးမည်။ ကျေးဇူးတင်ပါသည်။